အောက်ပါ အချက်အလက်များသည် မူရင်းဂျပန်ဘာသာ စာသားကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။

# ၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ

သတိပေး အဆင့် 4

# ခိုလှုံရန် ညွှန်ကြားချက်အရ ခိုလှုံခြင်း

# ခိုလှုံရန် တိုက်တွန်းချက်များကို ထုတ်ပြန်တော့မည်မဟုတ်ပါ။




မှတ်ချက် ၁- သတိပေးအဆင့် 5 ကို အမြဲတစေ ထုတ်ပြန်ခြင်း မရှိပါ။ ဥပမာ စည်ပင်သာယာရေး အာဏာပိုင်များသည် ဘေးအန္တရာယ်၏ အခြေအနေကို တိကျစွာ လက်လှမ်းမှီ သိရှိနိုင်ခြင်း မရှိ၍ဖြစ်သည်။


မှတ်ချက် ၂- ယခင်စနစ်အတိုင်း ခိုလှုံရန် တိုက်တွန်းချက် ထုတ်ပြန်သည့် အချိန်နှင့် တပြိုင်နက် ခိုလှုံရန် ညွှန်ကြားချက်ကို ထုတ်ပြန်မည်။

မှတ်ချက် ၃- သတိပေးအဆင့် 3 သည် သက်ကြီးရွယ်အိုစသည့် ပုဂ္ဂိုလ်များအနေနှင့် မိမိတို့ပြုမူဆောင်ရွက်မှုများကို စတင်ပြောင်းလဲနိုင်ရန် သို့မဟုတ် လိုအပ်ပါက ခိုလှုံနိုင်ရန်အတွက် ပြင်ဆင်ရန် သို့မဟုတ် မိမိတို့ အသက်အန္တရာယ်ကို ထိခိုက်နိုင်သည့် ခံစားမှုမျိုး ရရှိပါက မိမိတို့ဘာသာ ပြောင်းရွှေ့ခိုလှုံနိုင်ရန်အတွက် ဖြစ်သည်။

**သတိပေးအဆင့် 5 ဆိုသည်မှာ ခိုလှုံရန် ပြောင်းရွှေ့မှု မပြုလုပ်နိုင်တော့သည့် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေကို ဆိုလိုသည်။**
**သတိပေးအဆင့် 5 အရေးပေါ် လုံခြုံရေး ဆောင်ရွက်ချက်များ ထုတ်ပြန်သည့် အချိန်ထိ စောင့်ဆိုင်းခြင်း မပြုပါနှင့်။**

**ခိုလှုံရန် တိုက်တွန်းချက်များကို ထုတ်ပြန်တော့မည်မဟုတ်ပါ။**
**ယခုမှစ၍ သတိပေးအဆင့် 4၊ ခိုလှုံရန် ညွှန်ကြားချက်ရသည်နှင့် အန္တရာယ်ရှိသည့် နေရာများမှ နေထိုင်သူအားလုံး ပြောင်းရွှေ့ခိုလှုံသင့်သည်။**

**သက်ကြီးရွယ်အို သို့မဟုတ် မသန်စွမ်းသူများသည် ခိုလှုံရန် အချိန်ပို၍ လိုအပ်နိုင်သောကြောင့် သတိပေးအဆင့် 3၊ သက်ကြီးရွယ်အို စသည်တို့ ခိုလှုံရန် ညွှန်ကြားချက် ရသည်နှင့် အန္တရာယ်ရှိသော နေရာများမှ ပြောင်းရွှေ့ခိုလှုံသင့်သည်။**




မိုးပြင်းထန်စွာ ရွာသွန်းနေချိန်တွင် အပြင်ထွက်ခြင်းသည် ကားဖြင့်ဆိုလျှင်ပင် အန္တရာယ်ရှိပါသည်။ ကားပေါ်တွင် မဖြစ်မနေ ညအိပ်ရမည်ဆိုပါက သင့်ပတ်ဝန်းကျင်ကို အထူးဂရုပြုစစ်ဆေးခြင်း စသည်ဖြင့် ရေလွှမ်းမိုးမှုတွင် ပိတ်မိမနေစေရန် လုပ်ဆောင်ပါ။

© 2021 PIJIN Co., Ltd.